


မှော်ကသိုဏ်း-စာစဉ်(၁)
ရေစိုမခံတဲ့
အသဲ
ခေတ်ပေါ်ကဗျာများနှင့်
ခေတ်ပေါ်ကဗျာဆရာများ






## စီစဥ်သူ၏အမှာ

ဒီစာအုပ်အပေါ်မှာ တစ်စုံတရာ
အမှားအယွင်းရှိခဲ့ပါက ကျွန်တော်၏
ညံ့ဖျင်းမှုသာ ဖြစ်ပါကြောင်း . . . ။

ထွဏ်းသွေးတိမ်




## ထုတ်ဝေသူ၏အမှာ

\- - -

ကဗျာလို့ကြားလိုက်တာနဲ့ ခေါင်းထောင်လာမိတဲ့ ကျွန်တော့်အတွက်၊ အထူးသဖြင့် ကိုယ့်တိုင်းပြည်နဲ့ ဝေးနေတဲ့ ကျွန်တော့်အတွက် အဖော်ဆိုလို့ ကဗျာဆိုတာပဲ ရှိခဲ့တာပါ။

ဒါနဲ့ပဲ Facebook ပေါ်ကနေ ညီလေးထွဏ်းဒွေးတိမ်နဲ့ ဆက်စပ်မိပြီး ဒီစာအုပ်လေးထုတ်ဖို့ စီစဉ်ခဲ့ပါတယ်။ နောင်လည်း မကြာခဏဆိုသလို ကဗျာစာအုပ်များကို ဆက်တိုက်ထုတ်ဝေသွားဖို့ အစီအစဉ်ရှိပါတယ်၊ နောင် နှစ်အတော်အတန် ပြန်လှည့်ကြည့်တဲ့ အခါ ကိုယ့်သမိုင်းကြောင်းမှာ ပြောစရာနဲ့ ပြစရာဆိုလို့ ဒီကဗျာစာအုပ်တွေပဲ ရှိချင်တာပါ။ ကဗျာတွေရေး ကဗျာတွေဖတ်နဲ့ သူများတိုင်းပြည်ထဲကနေ ကိုယ့်တိုင်းပြည်ထဲက ကဗျာတွေကိုရေးရင်း ပြီးခဲ့သော အမှောင်ကာလများကို ပြန်တောတ်မှေ့မိပါတယ်။

သုအိုင်စံ



## လက်ညှိုးထောင်မလား လက်ညှိုးထိုးမလား

ပုလင်းတွေ သီချင်းတွေနဲ့
ခပ်ပြင်းပြင်းမျှောနေရတဲ့နေ့တွေပဲ
ငါ အခု သိထားတာက
အသက်ရှုရသမျှကာလပတ်လုံး
စိတ်ဦးတည့်ရာ လိမ့်ဖို့
အပြုံးတွေ ဆုံးမတာတွေ
ငါ့စာမျက်နှာ ကွယ်လွန်သွားတာကြာပြီ
မိမွေးတိုင်း၊ ဖမွေးတိုင်း ရှိနေသမျှ
ဒုက္ခကို ရင်ဘတ်မှာ ဇစ်လုပ်မဆွဲချင်တော့ဘူး
ငါသွားလို့ မိုးပဲရွာရွာ
ငါပါလို့ လှေပဲမှောက်မှောက်
ငါကတော့
ငါ့မြင်းငါစိုင်းမဲ့ တဇောက်ကန်း
ငါ့ကိုယ်ခန္ဓာကို ခန္တီတရားနဲ့
ရေချိုးနေခဲ့ရတာကြာပြီ
လာခဲ့ ရှေ့မှာ
သောကပင်လယ်ဆိုလဲ လက်ပစ်ကူးမှာပဲလို့ ပြောရင်
ခင်ဗျားလှော်ရယ်နေဦးမလား . . . ။

အာကာမိုးမြင့်

## တညင်း

ကျောက်ကျောက်ချင်း ခတ်တဲ့ခေတ်ကနေ
ဦးနှောက် ဦးနှောက်ချင်း ခွပ်တဲ့ခေတ်ရောက်ပြီ
တွန်သံကြားတိုင်း ပြေးတက်မလာနဲ့
ကွန်ယက်တွေမှာ တချက်ပြမီးမပါဘူး ။ ။

ထံ

## ဒြပ်မဲ့အရသာ

သဲတွေကို ရေနဲ့ဖျော်ထားတဲ့ ကော်ဖီဟာ
တကယ်သောက်လို့ မရပေမဲ့
စိတ်အစာကို ပြေစေခဲ့တယ်
ကလေးဘဝအရွယ်လောက်မှာ။

ရွာအိမ်ရှေ့ ကွပ်ပျစ်ပေါ်ကနေ
ညကောင်းကင်ကြီးကို ပက်လက်လှန်ကြည့်ရင်း
စကြာဝဠာ ပန်းချီကားတွေထဲ အိပ်ပျော်ခဲ့ဖူးတယ်
လူပျိုပေါက်အရွယ်လောက်မှာ။

အရက်ဦး သတင်းတစ်ပုဒ်ကြောင့်
ငှဲနှလုံးသားက ငှဲခန္ဓာတစ်ခုလုံးကို တုန်ခါစေခဲ့တယ်
ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေ
လွတ်မြောက်လာတဲ့ အဲဒီနေ့မှာ။ ။

၈၀

## နီကို ...ရေ ... ခေတ်ဟာ မြစ်ပဲ၊ ဒါပေမယ့် ကျွန်တော်တို့ကပဲ ပိုကောက်ကွေ့သလို

အဲဒီ ဗီရိုလှည်းထဲ
ညဉ့်ရောင်အတိုင်း ချွတ်စွပ်ဗီရိုလှည်းထဲ
စနက်တံကိုဖြုတ်ဖို့ ခင်ဗျားမှာ အခက်အခဲရှိခဲ့မယ် နီကို . . .
တစ်ခုခုကို မျက်နှာမူဖို့ဆို တစ်ကမ္ဘာလုံးကို နောက်ကျောပေးထားလိုက် နီကို . . .
သို့မဟုတ်၊ ချစ်ခြင်းမေတ္တာကို ပွေ့ဖက်ပြီး သိမ်သိမ်မွေ့မွေ့ လုပ်ကြံသတ်ဖြတ်လိုက်
ခင်ဗျား "ပီတာစဘတ်"ဟာ ကျွန်တော်တို့ရဲ့ "ပီတာစဘတ်"နဲ့ တစ်ထပ်တည်း
ခင်ဗျား ဗီရိုလှည်းကိုလည်း ခေတ်အလိုက် ကျွန်တော်တို့ဆွဲယူခဲ့ကြ
ခင်ဗျားလိုပဲ ချစ်လှစွာသော ဆိုဖီယာ . . . နဲ့ ခင်ဗျားလိုပဲ ရှုံးသွပ်သွားတဲ့ မိတ်ဆွေနဲ့ . . .
ခင်ဗျားလိုပဲ "ပိုပီနွန်းတတ်(ဗ်) . . . နဲ့၊ ခင်ဗျားလိုပဲ ဒွန္ဒပဋိပက္ခ လူမှုနိုင်ငံရေးနဲ့
ခင်ဗျားလိုပဲ ဝေးမြေရပ်ခြား တိုင်းတပါး . . . နဲ့၊ ခင်ဗျားလိုပဲ ဟိတ်ဟန်အပြည့်ဆီးနိတ်
ဇာဘုရင်နဲ့၊ ခင်ဗျားလိုပဲ စိန့်ပီတာစဘတ်မန္တလေး/ရန်ကုန် . . . နဲ့
တစ်နေ့နေ့ . . . ဝတ္ထုကျောရိုးအတိုင်း ပေါက်ကွဲမယ့်အတူတူတော့
ကျွန်တော်တို့ လက်နဲ့ပဲ ဖောက်ခွဲပါရစေ နီကို . . . ။ ။

ကေဇဝင်း

## ရန်ကုန်

ဟိုရောက်တော့
မြေညီထပ်မှာ
ဈေးဆိုင်တည်ဖို့ မှာတယ်။
သား စားချင်လိုက်တာ
မြေကြီးဆိုတာ
ဂျယ်လီနဲ့ တူသလား မေမေ။
အပေါ်သွားချင်လို့လား
အလကားဆိုတာ ဘယ်အရာမှ မရဘူး ကိုယ့်လူ။
တရှန်းရှန်း
ရုံးသွားမလို့ နံနက်ခင်း
ရှမ်းကန်ခြင်းလို့ အမည်ပေးထားတယ် ။ ။

ကေမျိုးငြိမ်း